BURMESE WOMEN'S UNION

၂၀၂၃ ခုနှစ် ဧပြီလ မှ ဇွန်လထိ သုံးလတာအတွင်း

# အမျိုးသမီးများဆိုင်ရာ
# သတင်းသုံးသပ်ချက်
# စာတမ်း



၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၊ ၅ ရက်။

## ၁။ အနှစ်ချုပ်

ဧပြီလ မှ ဇွန်လထိ သုံးလတာအတွင်း ထူးခြားဖြစ်စဉ်များအဖြစ် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ ပန်းသပိတ်ပြုလုပ်ကြသဖြင့် အကြမ်းဖက်စစ်တပ်မှ ပန်းပန်သူများ၊ ပန်းကိုင်ဆောင်သူများအား ဖမ်းဆီးခြင်း၊ လုပ်အားလခ တိုးပေးရန် တောင်းဆိုမှုအတွက် အလုပ်သမားခေါင်းဆောင် (၇) ဦး အလုပ်ထုတ်ခံရမှုများနှင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ပတ်သက်၍ သုံးသပ်ချက်များ ထွက်ရှိနေခြင်းများကို တွေ့ရှိရသည်။

ဇွန်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ပန်းသပိတ်တွင် နိုင်ငံတဝန်း ပြည်သူလူထု တရပ်လုံးမှ ပုံစံမျိုးစုံဖြင့် ပါဝင်သည်ကို တွေ့ရှိရသည်။ ပန်းသပိတ်ပြုလုပ်သည်ကို အကြောင်းပြု၍ အကြမ်းဖက်စစ်တပ်မှ လမ်းသွားလမ်းလာ ပန်းကိုင်ဆောင်ထားသည့် အမျိုးသမီးများ အပါအဝင် ပြည်သူလူထုအား စစ်ဆေးမေးမြန်း၍ ဖမ်းဆီးခြင်းများ ပြုလုပ်သည်ကို တွေ့ရှိရသည်။

ဇွန်လအတွင်းတွင် မြန်မာ့အမျိုးသမီးသမဂ္ဂမှ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ပတ်သက်၍ သုံးသပ်ချက်စာတမ်းတစောင်ထုတ်ပြန်ခဲ့ပြီး မြန်မာ့အမျိုးသမီးသမဂ္ဂမှ ကောက်ယူရရှိထားသည့် စစ်တပ်မှ အာဏာသိမ်းပြီး နောက်ပိုင်း ၂၀၂၁ ခုနှစ် မှ ၂၀၂၃ ခုနှစ် ဧပြီလအထိ ဖြစ်ပွားခဲ့သည့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု စုစုပေါင်း (၅၉) မှုနှင့် သတင်းမီဒီယာများမှ တင်ပြထားသည့် လိင်အကြမ်းဖက်မှုစုစုပေါင်း (၅၄) မှုအား ကိုးကားထားသည်။

နိုင်ငံရေးမတည်ငြိမ်ဖြစ်နေသည့် မြန်မာနိုင်ငံတွင် စီးပွားရေးကြပ်တည်းမှုများ ရင်ဆိုင်နေကြရပြီး အထူးသဖြင့် အလုပ်သမားများသည် အလုပ်ရှင်တို့၏ မတရားခေါင်းပုံဖြတ်ခြင်းများကိုပင် ခံနေရစေသည်။ လုံလောက်သော လုပ်ခခံစားခွင့်များကို တောင်းဆိုသည့် ဆန္ဒပြအလုပ်သမားများကို အလုပ်ထုတ် ဖမ်းဆီးမှုများလည်း ယခု ၃ လတာအတွင်း တွေ့ရသည်။ ထိုကဲ့သို့သော အလုပ်အကိုင်ရှားပါးမှုနှင့် မတည်ငြိမ်မှုများသည် ပြည်သူများ အထူးသဖြင့် အမျိုးသမီးများနှင့် လူငယ်များအား ပြည်ပသို့ တရားမဝင်ထွက်ခွာ၍ အလုပ်အကိုင်ရှာဖွေရန် တွန်းအားဖြစ်နေသည်။

ယခုသုံးသပ်ချက် စာတမ်းတွင် ပါရှိသည့် အချက်အလက် ကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ၏ ထုတ်ပြန်ချက်များနှင့် ခိုင်လုံသော သတင်းမီဒီယာများမှ ထုတ်ဖော် ရေးသားသည့် သတင်းအချက်အလက်များအပေါ် အခြေခံ၍ မြန်မာ့အမျိုးသမီးသမဂ္ဂမှ စုစည်း၍ သုံးသပ်တင်ပြထားခြင်း ဖြစ်ပါသည်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ ကန့်သတ်မှုများ ရှိသောကြောင့် မိမိတို့ အနေဖြင့် လက်လှမ်းမှီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခု ထက်ပို၍ များနိုင်ပါသည်။

# ၂။ အမျိုးသမီးများ အခြေအနေ

## ၂.၁။ အမျိုးသမီးများ၏ နိုင်ငံရေး လှုပ်ရှားမှုများ

၂၀၂၃ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ဆုတောင်းခြင်းနှင့်အတူ ပန်းသပိတ်ကို နိုင်ငံတဝန်း မြေပြင်လှုပ်ရှားမှု အပါအဝင် အွန်လိုင်းဓာတ်ပုံများဖြင့် ပါဝင်လှုပ်ရှားခဲ့ကြသည်။ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်မှ ရွာတစ်ရွာတွင် ဒေသခံ ၅၀၀ ကျော်စုပေါင်း၍ မွေးနေ့ဆုတောင်းပွဲနှင့် ပန်းသပိတ်ကို ပြုလုပ်ခဲ့ကြသည်။[1]




*Photo 1: ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ ပန်းသပိတ်၊ စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ်။ ပုံ-Public Voice Television*

ထိုရက်တွင် ရန်ကုန်မြို့ပေါ်ရှိ လမ်းမကြီးများတွင် အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များမှ လမ်းသွားလမ်းလာ ပန်းကိုင်ဆောင်သည့်သူများနှင့် ပန်းပန်သည့် အမျိုးသမီးများအား စစ်ဆေးမေးမြန်း၍ ဖမ်းဆီးမှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် ပန်းသပိတ်ပါ ဝင်ခဲ့သည်ဟု စွပ်စွဲချက်ဖြင့် ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့ နယ်ရှိ သမာဓိရွှေဆိုင်မှ အမျိုးသမီးဝန်ထမ်း ၁၃ ဦးကို အကြမ်းဖက်စစ်တပ်မှ ဖမ်းဆီးခဲ့သည်။[2]

[1] Public Voice Television, 20 Jun 2023.
https://web.facebook.com/pvtvmyanmar/posts/pfbid02erwzoCYGQU6thsyuzcpku3E2jsasUXyRVqrkhRXhCBxwWAY4BtuihMMyt8KQj83al
[2] Ayeyarwaddy Times, 19 Jun 2023.
https://web.facebook.com/ayeyarwaddytimes/posts/pfbid06QViJGiHNFX9xn5442LM3ofKv4KcmxQPDabq7yWoZtspLLR5GnQquMowi6723jcwl

ဇွန်လ ၁၉ ရက်နေ့တရက်ထဲတွင် ရန်ကုန်၊ မန္တလေးနှင့် ဧရာဝတီတိုင်းတို့တွင် ပန်းကိုင်ဆောင်ခြင်းနှင့် ပန်းပန်ခြင်းတို့ကြောင့် အကြမ်းဖက်စစ်တပ်မှ စစ်ဆေးမေးမြန်းဖမ်းဆီးသူ ၁၃၀ ကျော်ရှိကြောင်း သိရှိရသည်။[3]

## ၂.၂။ အမျိုးသမီးများ၏ လုံခြုံရေး အခြေအနေ

သတင်းမီဒီယာများမှ တင်ဆက်သည့် သတင်းအချက်အလက်များအပေါ် အခြေခံ၍ မြန်မာ့အမျိုးသမီး သမဂ္ဂမှ သတင်းအချက်အလက်များကို စီစစ်သုံးသပ်ချက်အရ ၂၀၂၃ ခုနှစ် ဧပြီလမှ ဇွန်လအတွင်းတွင် အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များအနေဖြင့် အမျိုးသမီးများအား မတရားဖမ်းဆီးခြင်း၊ ထောင်ဒဏ်ချမှတ်ခြင်းနှင့် ရက်စက်စွာ မုဒိမ်းကျင့် သတ်ဖြတ်ခြင်းများ ရှိသည်ကို တွေ့ရှိရသည်။

အသက် ၁၅ နှစ် ဝန်းကျင်သာ ရှိသေးသည့် မလင်းလက်အောင်၊ မအေးနှင်းသူ၊ မသော်တာမင်းနှင့် မမှူးသွဲ့စံ တို့ဖြစ်သည့် အမျိုးသမီးငယ် (၄) ဦးအား ဧရာဝတီတိုင်း ပုသိမ်မြို့နယ် တရားလွှတ်တော်မှ ပုဒ်မ ၅၀-ည၊ ၅၂-က တို့ဖြင့် ဧပြီလ ၇ ရက်နေ့တွင် ထောင်ဒဏ် (၅) နှစ်စီ ချမှတ်ခဲ့သည်။[4] အမျိုးသမီး သပိတ်စစ်ကြောင်းမှ သပိတ်ဦးဆောင်သူတစ်ဦးဖြစ်သူ မအိစံအား အကြမ်းဖက်စစ်တပ်မှ ဧပြီလ ၁၆ ရက်နေ့တွင် ထောင်ဒဏ် (၂) နှစ် ချမှတ်ခဲ့သည်။[5]

၂၀၂၃ ခုနှစ် မေလ ၂၈ ရက်နေ့ နံနက် ၆ နာရီ ဝန်းကျင်တွင် မကွေးတိုင်း ရေစကြိုမြို့နယ်၊ ချင်းယားရွာနှင့် မိုးဖြူရွာတို့ကို အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များမှ ဝင်ရောက် မီးရှို့ဖျက်ဆီးခဲ့သည်။[6] ထို့အပြင် အနီးအနားရှိ စစ်ရှောင်စခန်းတခုကိုလည်း ဝင်ရောက်ပစ်ခတ်ခဲ့သည့်အတွက် စစ်ဘေးရှောင်ပြည်သူနှစ်ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရ အမျိုးသမီးများအပါအဝင် အခြားသော အမျိုးသမီးများကိုလည်း ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင် သွားခဲ့သည်။

> **“အမျိုးသမီး ၂ ဦးကို Rape (အဓမ္မပြုကျင့်) လုပ်ပြီးတော့ အသတ်ခံရတယ်။ သူတို့က တကယ်ကို ဖမ်းဆီးထားပြီးတော့ နှိပ်စက်ထားပြီးတော့မှ Rape လုပ်ပြီးမှ နောက်မှ စစ်ဆေးမေးမြန်းပြီးတော့ သတ်တဲ့သဘောပေါ့။ ပြီးတော့ သူ့အဖေပါပါ အသတ်ခံရတယ်”**

[3] RFA, 20 Jun 2023. https://web.facebook.com/watch/?ref=saved&v=147221555035693
[4] BNI-Myanmar Peace Monitor, 13 Apr 2023. https://bit.ly/3JfaCrm
[5] Sisters 2 Sisters, 22 May 2023. https://web.facebook.com/SpeakUp4MyanmarWomen/posts/pfbid02nVTg6BDF3eZJPcFsbQsKjXphwFshdqZxPhzSAAFx6if9hzFf4UxHC6QCx9r8Ghtol
[6] Khit Thit News, 28 May 2023. https://web.facebook.com/khitthitnews/posts/pfbid02xyejVbh3JBkyiZU5NiEzTtSrwNXVnMUm8KFNJKJSULV6Eqo7wbhSUiYmPh1534fJl

အကြမ်းဖက်စစ်တပ် တပ်သားများသည် ရှမ်းပြည်နယ်တောင်ပိုင်း မိုးဗြဲမြို့ ရပ်ကွက်တစ်ခုတွင် ပိတ်မိ၍ အသတ်ဖြတ်ခံရသည့် အမျိုးသမီးငယ် နှစ်ဦး၏ ရုပ်အလောင်းများသည် မုဒိမ်းပြုကျင့် ခံရနိုင်ချေရှိကြောင်း ဒေသခံတစ်ဦးမှ ထုတ်ဖော်ခဲ့သည်။[7] ထိုဒေသခံတစ်ဦးမှ ၎င်းမြင်ခဲ့သည့် ရုပ်အလောင်းအခြေအနေကို အောက်ပါအတိုင်း မှတ်ချက်ပေးခဲ့သည်။

*"အမျိုးသမီး ၂ ဦးကို Rape (အဓမ္မပြုကျင့်) လုပ်ပြီးတော့ အသတ်ခံရတယ်။ သူတို့က တကယ်ကို ဖမ်းဆီးထားပြီးတော့ နှိပ်စက်ထားပြီးတော့မှ Rape လုပ်ပြီးမှ နောက်မှ စစ်ဆေးမေးမြန်းပြီးတော့ သတ်တဲ့ သဘောပေါ့။ ပြီးတော့ သူ့အဖေပါပါ အသတ်ခံရတယ်။"*

မြန်မာ့အမျိုးသမီးသမဂ္ဂမှ အပြည်ပြည်ဆိုင်ရာ ပဋိပက္ခများအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပပျောက် ရေးနေ့မတိုင်မီတွင် "နိုင်ငံရေး မတည်ငြိမ်မှုနှင့်အတူ အမျိုးသမီးများ ရင်ဆိုင်နေရသည့် လိင်အကြမ်းဖက်မှုများ" သုံးသပ်ချက် စာတမ်းအားထုတ်ဝေခဲ့သည်။ ထိုသုံးသပ်ချက်စာတမ်းတွင် မြန်မာ့အမျိုးသမီးသမဂ္ဂ၏ ပစ်မှတ်နယ်မြေ (၅) ခုဖြစ်သည့် ကရင်နီ (ကယား)၊ စစ်ကိုင်း၊ မကွေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းတို့မှ ကောက်ယူရရှိထားသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု စုစုပေါင်း (၃၆) မှုနှင့် အိမ်တွင်းအကြမ်းဖက်မှု အပါအဝင် ကာမလိမ်လည်မှု (၂၃) မှု၊ စုစုပေါင်း (၅၉) ကို အခြေခံထားသည်။ ထို့အပြင် ခိုင်လုံသည့် သတင်း မီဒီယာများမှ ထုတ်ဝေသည့် သတင်းများအပေါ် အခြေခံ၍ စုဆောင်းရရှိထားသည့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အရေအတွက် စုစုပေါင်း (၅၄) မှုကိုလည်း ထည့်သွင်း ကိုးကားထားပါသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)၏ အချက်အလက်များအပေါ် အခြေခံ၍ မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက် စုဆောင်းချက်အရ ၂၀၂၃ ခုနှစ် ဧပြီ လ မှ ၂၅ ရက်နေ့ ဇွန်လထိ၊ သုံးလတာအတွင်းတွင် အမျိုးသမီးစုစုပေါင်း **(၁၁၁)** ဦး အသက်ဆုံးရှုံးခဲ့၍ **(၆၇)** ဦးအား အကြမ်းဖက် စစ်တပ်မှ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

## ၂.၃။ အမျိုးသမီးနှင့် စီးပွားရေး အခြေအနေ

မြန်မာနိုင်ငံတွင်း ကုန်ဈေးနှုန်း နှစ်ဆကျော် မြင့်တက်လာသည်နှင့်အပြိုင် အလုပ်အကိုင် ရှားပါးမှုမှာလည်း ပို၍ပင် ဆိုးရွားလာနေသည်။ စားဝတ်နေရေး ဖြေရှင်းနိုင်ရေးအတွက် အမျိုးသမီးများသည် လက်ရှိ လုပ်ငန်းခွင်များမှ အလုပ်များကို ရသည့် လုပ်အားလခများဖြင့်သာ လုပ်ကိုင်နေကြရသည်။ အမျိုးသမီးအများစု လုပ်

[7] Kantarawaddy Times, 4 June 2023. https://web.facebook.com/KantarawaddyTimes/posts/pfbid02qZuywgqzPtv9ndC831FgkdBJZp5AohXNR7TNFJUVD7WHSfcnDF2WNMTj5bdhD7CQl

ကိုင်နေကြသည့် အထည်ချုပ်စက်ရုံများတွင် လုပ်ခလစာများ မလုံလောက်မှုကြောင့် တိုးမြှင့်ပေးရန်တောင်းဆိုရာတွင် အလုပ်ထုတ်ခံရခြင်းများနှင့် အဖမ်းဆီးခံရခြင်းများကို ကြုံတွေ့နေရသည်။

ရွှေပြည်သာမြို့နယ် သာစုကန်စက်မှုဇုန်ရှိ ဟိုစိမ့် (Hosheng) အထည်ချုပ်စက်ရုံတွင် တစ်ရက်လုပ်ခ ၄၈၀၀ ကျပ်အစား ၅၆၀၀ ကျပ် ပေးရန်အတွက် ဇွန်လ ၈ ရက်နေ့တွင် တောင်းဆိုရာ ၌ ဦးဆောင်သည့် အမျိုးသမီး (၄) ဦးနှင့် အမျိုးသား (၃) ဦး၊ စုစုပေါင်း အလုပ်သမား (၇) ဦးအား အလုပ်မှ ထုတ်ပယ်ခဲ့သည်။[8] ထိုသို့ ထုတ်ပယ်ခံရသည့် အမျိုးသမီးတစ်ဦးခေါင်းဆောင်တစ်ဦးအား စစ်တပ်မှ ရွှေပြည်သာစစ်ကြောရေးသို့ ခေါ်ဆောင်သွားကြောင်းလည်း သိရှိရသည်။ နောက်ရက်တွင် ကျန်ရှိတဲ့ သမဂ္ဂခေါင်း ဆောင် (၅)ဦးနှင့် အလုပ်သမားအရေး ကူညီဆောင်ရွက်ပေးသူ (၂) ဦးအား ထပ်မံဖမ်းဆီးခဲ့သဖြင့် လက်ရှိအချိန်တွင် ဟိုစိမ့်မြန်မာ အထည်ချုပ်စက်ရုံ တောင်းဆိုမှုနှင့် ပတ်သက်၍ ( ၈ )ဦးအထိ ဖမ်းဆီးခံထားရသည်ဟု သိရှိရသည်။[9]

ဝင်ငွေနည်းပါး၍ စားဝတ်နေရေးခက်ခဲလာသဖြင့် အမျိုးသမီးများသည်ပင်လျှင် ရရာအလုပ်များကို လုပ်နေကြရသည်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အငူမော် ကူးတို့ဆိပ်ကမ်းတွင် ကုန်တင်ကုန်ချခြင်းဖြင့် ဝင်ငွေရှာနေသည့် အမျိုးသမီး ၂၁ ဦးရှိကြောင်း သိရှိရသည်။[10]

ထို့အပြင် ပြည်ပနိုင်ငံများသို့ တရားမဝင်နည်းလမ်းဖြင့် ဝင်ရောက်၍ အလုပ်အကိုင် ရှာဖွေရန် ကြိုးပမ်းသည့် အမျိုးသမီးများလည်းရှိနေသည်။ မေလ ၃ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ချင်းရိုင်ခရိုင်ထဲတွင် ယာဉ်နယ်စပ်ဖြတ်ကျော်ခွင့် လက်မှတ်ကိုင်ဆောင်ထားသည့် မြန်မာနိုင်ငံသား ၃၀ ဦးကို ထိုင်းအာဏာပိုင် များမှ ဖမ်းဆီးခဲ့သည်။ ထိုသို့ ဖမ်းဆီးခံရသူများသည် ရှမ်းပြည်နယ်မြောက်ပိုင်းမှ အသက် ၂၉ နှစ်မှ ၄၅ နှစ်ကြား အမျိုးသား ၉ ဦး၊ အသက် ၁၈ နှစ်မှ ၄၀ နှစ်ကြား အမျိုးသမီး ၁၀ ဦးနှင့် အသက် ၅ နှစ်မှ ၁၅ နှစ်ကြား ကလေးငယ် ၁၁ ဦး စုစုပေါင်း ၃၀ ဦးတို့ဖြစ်ကြောင်း သိရှိရသည်။[11]

## ၃။ စစ်ပဋိပက္ခကြားမှ အမျိုးသမီးများ၏ အခြေအနေများ

ညဏ်လင်းသစ်သုတေသနအဖွဲ့၏ စာရင်းပြုစုချက်အရ ၂၀၂၃ ခုနှစ် ဇွန်လ ၇ ရက်နေ့မှ ၁၃ ရက်နေ့ထိ တစ်ပတ်တာအတွင်း အကြမ်းဖက်စစ်တပ်နှင့် တော်လှန်ရေးတပ်ဖွဲ့တို့ကြား တိုက်ပွဲစုစုပေါင်း အနည်းဆုံး အကြိမ် (၅၀) ဖြစ်ပွားခဲ့သည်။[12] ထိုတစ်ပတ်တာကာလအတွင်းတွင် အကြမ်းဖက် စစ်တပ်မှ လေကြောင်းတိုက်ခိုက်မှုကို

[8] The Irrawaddy, 14 June 2023. https://bit.ly/3PeAHdF
[9] Myanmarlabournews, 24 June 2023 https://rb.gy/8xzr2
[10] HI, 14 Jun 2023. https://web.facebook.com/watch/?ref=saved&v=809522660349685
[11] Development Media Group, 5 May 2023. https://bit.ly/43VUSC1
[12] Nyan Linn Thit Analytica, 14 Jun 2023. https://drive.google.com/file/d/1qQg7Hn_DiRxcnmlZ5zfRMDVcZnW12HId/view?fbclid=IwAR3emL5s3CSNlGLn6qhKjAbunx_1mkkYhuxfPndZPTTDBqPJa4HH_K3r6x0

ကရင်နီ၊ စစ်ကိုင်း၊ မကွေးတို့တွင် (၂) ကြိမ်စီ နှင့် ကရင်ပြည်နယ်တွင် (၁) ကြိမ်၊ စုစုပေါင်း (၇) ကြိမ် ပစ်ခတ်ခဲ့ကြောင်း ထိုအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

၂၀၂၃ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်မှ စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာသို့ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ကလေးငယ်များအပါအဝင် အမျိုးသမီး (၄၆) ဦး၊ စုစုပေါင်း အရပ်သား (၁၆၈) ဦး သေဆုံးခဲ့သည်။[13] လွန်ခဲ့သည့် မေလ ၁၀ ရက်နေ့တွင်လည်း အင်အား ၁၀၀ ကျော်ခန့် ရှိသည့် အကြမ်းဖက်စစ်တပ်သည် ပဲခူးတိုင်း၊ မုန်းမြို့နယ်၊ ညောင်ပင်သာရွာသို့ ဝင်ရောက်ကာ ကလေးငယ်နှင့် အမျိုးသမီးများအပါအဝင် ဒေသခံ (၁၉) ဦးကို ဓားစားခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ပြီးသည့်နောက် ထိုအရပ်သားများအား အစုအပြုံလိုက် မီးရှို့သတ်ဖြတ်ခဲ့သည်။[14]

Data for Myanmar မှ ထုတ်ပြန်သည့် အချက်အလက်အရ ၂၀၂၁ ခုနှစ် မေလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် မေလ ၃၁ ရက်နေ့ထိ နှစ်နှစ်တာ ကာလအတွင်းတွင် အကြမ်းဖက်စစ်တပ်မှ မီးရှို့ခဲ့သည့် အရပ်သား နေအိမ် စုစုပေါင်း (၇၀,၃၂၄) လုံး ရှိသည်ဟု သိရှိရသည်။[15] ထိုသို့ မီးရှို့ဖျက်ဆီးခံရသည့် နေအိမ်များသည် စစ်ကိုင်းတိုင်းမှ နေအိမ်ပေါင်း (၅၃,၈၁၆) ဖြစ်၍ မကွေးတိုင်းမှ (၁၀,၄၅၁) ဖြစ်ကြောင်း သိရှိရသည်။


၂၀၂၃ ခုနှစ် ဧပြီလ မှ ၂၅ ရက်နေ့ ဇွန်လ ထိ သုံးလတာအတွင်း မြန်မာ့အမျိုးသမီးသမဂ္ဂ၏ ပြုစုထားသည့် အမျိုးသမီးသေဆုံးသူ အရေအတွက်များသည် လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူအမျိုးသမီး စုစုပေါင်း **(၆၂)** ဦး၊ လက်နက်ကြီးပေါက်ကွဲမှုကြောင့် သေဆုံးသူ **(၂၂)** ဦး၊ ဖမ်းဆီးထိန်းသိမ်း၍ သတ်ဖြတ်ခံရသည့် အမျိုးသမီး **(၅)** ဦး၊ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခံရသူ စုစုပေါင်း **(၁၆)** ဦးနှင့် ပစ်သတ်ခံရသည့် အမျိုးသမီး စုစုပေါင်း **(၁၀)** ဦး ရှိသည်။

---

13 The Irrawaddy, 16 Apr 2023.
https://web.facebook.com/theirrawaddyburmese/posts/pfbid029XyGHiVCbfHxCg7pTWbDYAXKVZWEe9DbRv7vpuT88BH5b9nkJWi2b3TNS45nRrzjl

14 Karen Information Center-KIC, 14 May 2023.
https://web.facebook.com/KICNewsPage/posts/pfbid02DugX5T3V6z1jLDr5i1fTiSmVFa3fPeynYXigHfMtaNoWnM1BzgTc6W9bjYPrgAwol

15 Data for Myanmar, 14 June 2023.
https://web.facebook.com/data4myanmar/posts/pfbid02qpYqYYu6KNedhpCvAhtDgRLQbLSdJCKCsQejaqFExRe1gzWXW11BcELBpL634Gm2l




## ၄။ စစ်ရှောင်များ အခြေအနေ

ပြည်သူများအနေဖြင့် အကြမ်းဖက်စစ်တပ်၏ ပစ်မှတ်ထားတိုက်ခိုက်မှုများနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းတို့ကြောင့် ထပ်ဆင့် စစ်ဘေးရှောင်နေရဆဲဖြစ်သည်။ အကြမ်းဖက်စစ်တပ်ဘက်မှ လေကြောင်း တိုက်ခိုက်မှုနှင့် ရွာလုံးကျွတ်မီးရှို့မှုများကို ဆက်တိုက် လုပ်ဆောင်သည့်အတွက် စစ်ဘေးရှောင်ဦးရေမှာလည်း တိုးလာလျက်ရှိသည်။ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး UNOCHA ၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ် ဧပြီလ ၁၀ ရက်နေ့ထိ မြန်မာနိုင်ငံတဝန်း ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးရသူဦးရေ ၁ ဒသမ ၈ သန်းကျော် ရှိကြောင်း ဖော်ပြပါရှိပါသည်။[16] ထိုပမာဏထဲမှ ၁ ဒသမ ၅ သန်းနီးပါးသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းယူမှုအလွန် ဖြစ်ပေါ်လာသည့် ပဋိပက္ခနှင့် မလုံခြုံမှုများကြောင့် နေရပ်စွန့်ခွာထွက်ပြေးနေကြရသူများ ဖြစ်ကြောင်း သိရှိရသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ ၃ ထိန်းချုပ်ရာ ပဲခူးတိုင်း၊ ညောင်လေးပင်ခရိုင်၊ မူးမြို့နယ်အတွင်း အကြမ်းဖက်စစ်တပ်ဘက်မှ လက်နက်ကြီးများဖြင့် ကျေးရွာအတွင်းသို့ ပစ်ခတ်တိုက်ခိုက်မှုများ

[16] BBC News Burmese, 19 Apr 2023.
https://web.facebook.com/BBCnewsBurmese/posts/pfbid02wi8VNWDHAe2zXdFhfJjU13sdguswoeUk1GAEcXu9KHncnoLE9do7xeqqPuByMex4l

လုပ်ဆောင်သည့်အတွက်ကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူ ၃၂၀၀၀ ကျော် ရှိကြောင်း ထုတ်ပြန်ခဲ့သည်။[17] အကြမ်းဖက်စစ်တပ်မှ စစ်ကြောင်းထိုး အရှိန်မြင့် တိုက်ခိုက်နေသည့် ကရင်နီပြည်နယ်တွင်လည်း စစ်ရှောင်ဦးရေမှာ တိုးလာလျှက်ရှိသည်။

စစ်ဘေးရှောင်ဦးရေ တိုးလာသော်လည်း ကူညီပံ့ပိုးမှုများအား ကန့်သတ်ထိန်းချုပ်ထားသဖြင့် စစ်ရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာများ၊ အခြေခံစားသောက်ကုန်များနှင့် ဆေးဝါးများလည်း လိုအပ်နေသည်။ ထို့အပြင် မိုးရာသီကူးပြောင်းလာသည်ဖြစ်သည့်အတွက် စစ်ဘေးရှောင်များအတွက် မိုးလုံ၊ လေလုံသည့် အမိုးအကာတဲများ  လိုအပ်နေသည်။ မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသည့် ဝမ်းပျက်ဝမ်းလျှော ရောဂါများအတွက်လည်း ဆေးဝါးများ ဖြည့်ရန် လိုအပ်နေပါသည်။ ထို့အပြင် အကြမ်းဖက်စစ်တပ်ဘက်မှ လက်နက်ကြီးဖြင့် စစ်ရှောင်စခန်းများသို့ ပစ်ခတ်မှုများနှင့် လက်နက်ကြီးကျရောက်ပေါက်ကွဲသံများကြောင့် စစ်ဘေးရှောင်နေရသည့် ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့်  စိတ်ဖိစီးမှုများကာ ကိုယ်ဝန်ပျက်ကျမှုများ ဖြစ်ရသည်ဟု ကိုယ်ဝန်ပျက်ကျဖူးသည့် စစ်ရှောင်အမျိုးသမီးတဦးမှ မြန်မာ့အမျိုးသမီးသမဂ္ဂအား ပြောပြခဲ့သည်။

မိုးရာသီသည် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရမည့် ကာလဖြစ်သော်လည်း အကြမ်းဖက်စစ်တပ်ဘက်မှ နယ်မြေရှင်းလင်းရေးအကြောင်းပြ၍ စစ်ကြောင်းထိုးနေခြင်းများကြောင့် ဒေသခံများအနေဖြင့် ထွက်ပြေးတိမ်းရှောင်နေရသည့်အတွက် စိုက်ပျိုးလုပ်ကိုင်နိုင်မှုများ မရှိပေ။ ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်တွင် အကြမ်းဖက်စစ်တပ်ဘက်မှ နယ်မြေရှင်းလင်းရေးကို ဆက်တိုက်လုပ် ဆောင်နေသည့်အတွက် ဒေသခံတစ်သောင်းကျော် ထွက်ပြေးနေရ၍ ကျေးရွာပေါင်း ၄၆ ရွာမှ လယ်မြေဧကပေါင်း လေးထောင်ကျော်အား စိုက်ပျိုးလုပ်ဆောင်နိုင်ခြင်း မရှိပေ။[18] ထို့ကြောင့် လာမည့်နှစ်၏ ဆန်၊ စပါး ဖူလုံရေးမှာလည်း စိုးရိမ်ဖွယ်ရာဖြစ်သည်။

---

[17] RFA, 3 Jun 2023.
https://web.facebook.com/rfaburmese/posts/pfbid02Ke1pUhJBj7DuQs59EdNmWAMPUavKQJUbUVPm52bfonmjacHRuWov79293jGEG7XXl

[18] RFA, 10 Jun 2023.
https://web.facebook.com/rfaburmese/posts/pfbid02TMnFmDkGH8dYWk1xY4nfACUXRUXxw9F8NgXeLzMGeAM4u57KuHkJn5VufWXnjb5Yl

## ၅။ သုံးသပ်ချက်များ

ဇွန်လ ၁၉ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ် ပန်းသပိတ်ပြုလုပ်ခြင်းကို အကြောင်းပြု၍ ပန်းကိုင်ဆောင်သည့် (သို့မဟုတ်) ပန်းပန်သည့် အမျိုးသမီးများအား စစ်ဆေးမေးမြန်း ဖမ်းဆီးမှုများ ပြုလုပ်ခဲ့သည်။ မြန်မာ့ဓလေ့တွင် အမျိုးသမီးများပန်းပန်ခြင်းများ၊ ဘုရားပန်းလဲရန်အတွက် နေ့တဓူဝ ပန်းရောင်းဝယ်ခြင်းများသည် ပုံမှန်ဖြစ်သော်လည်း ယခုကဲ့သို့ ဖမ်းဆီးထိန်းသိမ်းခြင်းများသည် အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုမှာ အမျိုးသမီးများ၏ နေ့တဓူဝဘဝများအထိ ရိုက်ခတ်လာနေပြီး အဆိုးရွားဆုံးဖြစ်နေသည်။

ထို့အပြင် ပန်းကိုင်သည့် အမျိုးသမီးများနှင့် ပန်းပန်သည့် အမျိုးသမီးများအား စစ်ဆေးဖမ်းဆီးခြင်းသည် အမျိုးသမီးထု၏ နိုင်ငံရေး လှုပ်ရှားမှု၊ ပါဝင်မှုသည် ၎င်းတို့အတွက် ခြိမ်းခြောက်မှုဖြစ်သည်ကို ဖော်ပြလိုက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးတို့၏ ပါဝင်မှုကို အဟန့်အတားဖြစ်စေရန် ဖမ်းဆီး ထောင်ချခြင်းကို လုပ်ဆောင်ခြင်းဖြစ်သည်ဟု သုံးသပ်ရှုမြင်ပါသည်။

တနေ့ထက်တနေ့ ပိုမိုဆိုးရွားလာသည့် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုများမှာလည်း အပါအဝင်ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများ၏ လုံခြုံရေးအခြေအနေသည် စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်သည်။ အရပ်သားချင်း ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် အကြမ်းဖက်စစ်တပ်၏ မတရား ဖမ်းဆီးစစ်ဆေးခြင်းများအပြင် အမျိုးသမီးများဖြစ်ပါက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများပါ ကျူး လွန်ခံနေကြရသည်။ သေဆုံးသူအမျိုးသမီးများ၏ ရုပ်အလောင်းများတွင် အဝတ်များ ပြဲနေခြင်း၊ အဝတ်များ ကင်းမဲ့နေခြင်းတို့ကို တွေ့ရှိရသည်။ ထိုကဲ့သို့သော လက္ခဏာများကို ကြည့်ခြင်းအားဖြင့် ထိုအမျိုးသမီးများသည် လိင်ပိုင်း ဆိုင်ရာအကြမ်းဖက်မှုများ ခံရသည်ဟု မှတ်ချက်ပြု သုံးသပ်ပါသည်။

အကြမ်းဖက်စစ်တပ်သည် အရပ်သားများနေထိုင်ရာ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပိတ်မိနေသည့် အရပ်သားများကိုပါ အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ခြင်းများကို လုပ်ဆောင်ခြင်းသည် အင်မတန်အကျည်းတန်သည့် လူသားမျိုးနွယ်ပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်ခြင်းဖြစ်သည်။ ထို့အပြင် ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခြင်းသည်လည်း လူ့ဂုဏ်သိက္ခာနှင့်အညီ အသက်ရှင်သန်ခွင့်ဖြစ်သည့် အခြေခံအကျဆုံးသော လူ့အခွင့်အရေးကို ကျူးလွန်နေပါသည်။

အရပ်သားများကို ဦးတည်၍ လေကြောင်းဖြင့်သော်လည်းကောင်း လက်နက်ကြီးများဖြင့် သော်လည်းကောင်း အကြိမ်ပေါင်းများစွာ အဆမတန် ပစ်ခတ်ခြင်းများဖြင့် စစ်ရာဇဝတ်မှုများကို ပေါ်ပေါ်ထင်ထင် ကျူးလွန်နေသည်ဟု သုံးသပ်ရပေမည်။ ထိုကဲ့သို့ အရပ်သားများအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားကျူးလွန်ခြင်းများသည် ၎င်းတို့၏ လူသားမဆန်သည့် လုပ်ရပ်များအတွက် လွတ်ငြိမ်းချမ်းသာခွင့် ရနေခြင်းကြောင့်ဖြစ်သည်ဟု သုံးသပ်ပါသည်။

နိုင်ငံတကာပြစ်မှုများကို ကျူးလွန်နေသည့် အကြမ်းဖက်စစ်တပ်အုပ်စုများအား ထိရောက်စွာ အရေးယူမှုများ လုပ်ဆောင်နိုင်ခြင်းမရှိခြင်းသည် နိုင်ငံတဝန်း မငြိမ်သက်မှုများကို ပို၍ ဖြစ်ပေါ်စေပါသည်။ ထိုသို့ မတည်ငြိမ်မှုကို အခွင့်ကောင်းယူ၍ လုပ်ငန်းရှင်များသည် အလုပ်သမားများအပေါ်  ခေါင်းပုံဖြတ်မှုများကို လုပ်ဆောင်နေသည်။ အလုပ်သမားများအား လုံလောက်သော လုပ်ခခံစားခွင့်များကို မျက်ကွယ်ပြု၍ ဆန္ဒပြအလုပ်သမားများကို အလုပ်ထုတ်ခြင်း၊ စစ်တပ်ဖြင့် ခြိမ်းခြောက်ခြင်းများကို ပြုလုပ်နေသည်။ စစ်အာဏာရှင်အောက် မတရားမှုများကို ဆန္ဒပြဖော်ထုတ်ပါက ဖမ်းဆီးခံရနိုင်ခြင်း၊ ထောင်ဒဏ်ပေးခံရနိုင်ခြင်းများနှင့် အသက်အန္တရာယ်ထိခိုက်နိုင်ချေများသည်ကို သိလျှက်နှင့်ပင် အမျိုးသမီး အလုပ်သမားတို့သည် ၎င်းတို့၏ အလုပ်ရှင်များ၏ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများကို အံတုခဲ့သည်။

အလုပ်အကိုင်ရှားပါးမှုနှင့် မတည်ငြိမ်မှုများကြောင့် ပြည်သူများ အထူးသဖြင့် အမျိုးသမီးများနှင့် လူငယ်များအား ပြည်ပသို့ နည်းမျိုးစုံဖြင့် ထွက်၍ အလုပ်အကိုင်ရှာဖွေမှုများ နေ့စဉ်ဖြစ်ပွားနေသည်။ ထိုသို့ ရှာဖွေရာတွင် တရားမဝင်နည်းလမ်းများဖြင့် သွားရောက်ရန် ကြိုးပမ်းကြသည့် မြန်မာနိုင်ငံသားများသည်လည်း သက်ဆိုင်ရာ နိုင်ငံအာဏာပိုင်များ၏ ဖမ်းဆီးခြင်းကို ရင်ဆိုင်နေကြရပါသည်။

တချိန်တည်းတွင် ပဋိပက္ခဖြစ်ပွားရာ ဒေသများ၌ အကြမ်းဖက်စစ်တပ်မှ ကျေးရွာများအား ပစ်ခတ်ခြင်းနှင့် ရွာလုံးကျွတ်မီးရှို့ခြင်းတို့ကြောင့် စစ်ပြေးဒုက္ခသည် လူဦးရေမှာလည်း တိုးလားလျှက်ရှိသည်။ မြန်မာပြည်တွင်း စစ်ဘေးရှောင်ဦးရေ တိုးလာသော်လည်း အာဆီယံ သဘောတူညီချက် (၅) ချက်မှ လူသားချင်း စာနာထောက်ထားမှုအကူအညီများအတွက် အကောင်အထည်ဖော်လုပ်ဆောင်နေခြင်း အားနည်းနေသည်ကို တွေ့ရှိရသည်။ မြန်မာပြည် နိုင်ငံရေးမတည်ငြိမ်မှုနှင့် စီးပွားရေး မတည်ငြိမ်မှုတို့သည် အာဆီယံနိုင်ငံများ၏ နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများကိုပါ ရိုက်ခတ်သည့်အတွက် မြန်မာပြည်အရေးအား အာဆီယံမှ ထိရောက်စွာ ကိုင်တွယ် ဖြေရှင်းရန် လိုအပ်နေပါသည်။

စိုက်ပျိုးရေးကို အလေးပေးလုပ်ဆောင်ရမည့် ရာသီဖြစ်သော်လည်း အကြမ်းဖက်စစ်တပ်၏ လူမဆန်မှုများကြောင့် စိုက်ပျိုးရေးကို လုပ်ဆောင်နိုင်ခြင်း မရှိပေ။ ထို့ကြောင့် ရှေ့လာမည့် နှစ်များတွင်  နိုင်ငံ၏ စားနပ်ရိက္ခာ မလုံလောက်မှုများနှင့် ကြုံတွေ့နိုင်ရပြီး ပြည်သူများ ပိုမိုကြပ်တည်းလာနိုင်သည်။ ထို့ကြောင့် ဆင်းရဲသားပြည်သူများနှင့် စစ်ရှောင်ပြည်သူများသည် လာမည့်နှစ်များတွင် အလှူရှင်များကိုသာ မှီခိုအားထားရမည့် အလားအလာရှိနေသည်။ သို့သော်လည်း လက်ရှိ စစ်ဘေးရှောင်များအတွက်ပင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ မရနိုင်သည့်အတွက် ထပ်မံတိုးလာမည့် စစ်ဘေးရှောင်များအတွက်လည်း အထူးစိုးရိမ်ဖွယ်ရာဖြစ်သည်။

လက်ရှိတွင် စစ်ဘေးရှောင်စခန်းများသို့ ရောက်ရှိနေသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် လိုအပ်သော အာဟာရ ရရှိနိုင်ရန်မှာ စိန်ခေါ်မှုဖြစ်နေသည်။ အချို့သော စစ်ရှောင်စခန်းများတွင် ထမင်းကိုပင် ပုံမှန်လောက်ငှအောင် မစားနိုင်သည့် အခြေအနေများတွင် ရှိနေသည်။ သန့်ရှင်းသောသောက်သုံးရေး ရရှိရန်မှာလည်း ခက်ခဲနေသည်။ ၎င်းအခြေအနေများအပြင် နှစ်ဖက်ထိတွေ့တိုက်ပွဲများ မကြာခဏဖြစ်ပွားနေမှုများနှင့် လက်နက်ကြီး ပစ်ခတ်သံများကြောင့် အမျိုးသမီးများအတွက် ရုပ်ပိုင်း၊ စိတ်ပိုင်း ကျန်းမာရေးဆိုးကျိုးများ ပို၍ပင် ဖြစ်ပေါ်လာနိုင်သည်။